**ခုံသမာဓိကောင်စီ**

**ခုံအဖွဲ့၏ဆုံးဖြတ်ချက်**

{ နည်းဥပဒေ ၂၃(စ) }

**ခုံအဖွဲ့**

၂၀၁၇ ခုနှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ်(၁၁/၂၀၁၈)

| | |
|---|---|
| ဦးချစ်ခိုင် (MD)<br>ဦးကိုကိုကျော် (Director)၊ ဦးမျိုးသက်နိုင်<br>(HR Deputy General Manager)၊<br>ဒေါ်ယုယုမြင့်အောင် (HR Deputy Manager)<br>(အလုပ်ရှင်၏အထူးကိုယ်စားလှယ်လွှဲအပ်ခြင်း<br>ခံရသူများ)၊ Denko Trading Co,.Ltd ၊<br>အမှတ် (၁)၊ ကနောင်မင်းသားကြီးလမ်း၊<br>ရွှေလင်ဗန်းစက်မှုဇုန်၊ လှိုင်သာယာမြို့နယ်၊<br>ရန်ကုန်တိုင်းဒေသကြီး။ | လျှောက်ထားသူ |

နှင့်

| | |
|---|---|
| ဦးနိုင်ဌေးမင်းပါ (၂)ဦး<br>တပ်ကြီးကုန်းကျေးရွာ၊ မှော်ဘီမြို့နယ်၊<br>ရန်ကုန်တိုင်းဒေသကြီး။ | လျှောက်ထားခြင်းခံရသူ |

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်

**ဆုံးဖြတ်ချက်**

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ကနောင်မင်းသားကြီးလမ်း၊ ရွှေလင်ဗန်း စက်မှုဇုန်၊ အမှတ်(၁)ရှိ Denko Trading Co,.Ltd အလုပ်ရှင် ဦးချစ်ခိုင် (MD)၊ ဦးကိုကိုကျော် (Director)၊ ဦးမျိုးသက်နိုင် (HR Deputy General Manager)၊ ဒေါ်ယုယုမြင့်အောင် (HR

Deputy Manager) (အလုပ်ရှင်၏အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူများ)နှင့် ဦးနိုင်ဒွေးမင်းပါ (၂)ဦးတို့အကြားဖြစ်ပွားသော အငြင်းပွားမှုကို မော်ဘီမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သော်လည်း ပြေလည်မှုမရရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ထိုအငြင်းပွားမှုကို အငြင်းပွားမှုအမှတ် (၆/၂၀၁၈) အရ ကြားနာစစ်ဆေးပြီး ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်နေ့တွင် ဆုံးဖြတ်ပေးခဲ့သည်။

၂။ ဤအငြင်းပွားမှုသည် တောင်းဆိုသူ အလုပ်သမား ဦးနိုင်ဒွေးမင်းပါ(၂)ဦးတို့မှ တောင်းဆိုခြင်းခံရသူ Denko Trading Co,.Ltd အလုပ်ရှင်ထံတွင် အလုပ်မှထုတ်ပယ်ခံရသဖြင့် အလုပ်ရပ်စဲမှုနစ်နာကြေးရလိုကြောင်း တောင်းဆိုသည်မှ ဖြစ်ပွားလာသော အငြင်းပွားမှုဖြစ်သည်။

၃။ ထိုတောင်းဆိုချက်အပေါ်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ကောက်ချက်(၁) ချက်ရေးဆွဲပြီးအဆုံးအဖြတ်ပေးခဲ့ရာ တောင်းဆိုခြင်းခံရသူ အလုပ်ရှင်မှ အောက်ပါကောက်ချက်အမှတ်(၁)ပေါ်တွင် ဆုံးဖြတ်သော ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိ၍ ပြင်ဆင်မှုလျှောက်ထားခြင်း ဖြစ်သည်-

**ကောက်ချက်အမှတ်(၁)။** ယာဉ်မောင်း ဦးနိုင်ဒွေးမင်းပါ (၂)ဦးသည် အလုပ်ရပ်စဲမှုနစ်နာကြေး ရသင့်/မရသင့်။

**ဆုံးဖြတ်ချက်အမှတ်(၁)။** (က) ယာဉ်မောင်း ဦးနိုင်ဒွေးမင်းအား လုပ်သက် (၃)နှစ်ကျော်ကာလ ကာလအတွက် နစ်နာကြေး (၃)လစာအဖြစ် ၈၁၀,၀၀၀/- (ကျပ်ရှစ်သိန်းတစ်သောင်းတိတိ) ထုတ်ပေးရန်။

(ခ) ယာဉ်နောက်လိုက် ဦးစိုးညီနိုင်အား နို့တစ်ကြေးတစ်လစာ ၁၃၀,၀၀၀/-နှင့် လုပ်သက် (၂)နှစ်ကျော်ကာလအတွက် နစ်နာကြေးတစ်လခွဲစာ ၁၉၅,၀၀၀/-၊ စုစုပေါင်း ၃၂၅,၀၀၀/- (ကျပ်သုံးသိန်းနှစ်သောင်းငါးထောင်တိတိ) ထုတ်ပေးရန် ဆုံးဖြတ်သည်။

၄။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ အငြင်းပွားမှုအမှတ် (၆/၂၀၁၈) ဆုံးဖြတ်ချက်အပေါ်တွင်ကျေနပ်မှုမရှိသဖြင့် အလုပ်ရှင်ဘက်မှ ခုံသမာဓိကောင်စီသို့ ပြင်ဆင်မှုလျှောက်ထားလာသဖြင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ခုံသမာဓိကောင်စီ၊ အမိန့်ကြော်ငြာစာအမှတ် (၁၁/၂၀၁၈) ဖြင့် ခုံသမာဓိကောင်စီ၊ အမှုအမှတ် (၁၀/၂၀၁၈) အား ကြားနာစစ်ဆေးမည့် ဝန်ကြီးဌာနကိုယ်စားလှယ် ဦးသောင်းစိန်၊ အလုပ်ရှင်ကိုယ်စားလှယ် ဦးသန်းမောင်၊ အလုပ်သမားကိုယ်စားလှယ် ဦးရဲကျော်သူတို့ပါဝင်သော ခုံအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။

၅။ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့သည် အမှုတွဲကိုလက်ခံရရှိပြီးနောက် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေး အဖွဲ့နှင့် ခုံသမာဓိအဖွဲ့တို့မှ လွှဲပြောင်းပေးပို့တင်ပြလာသည့် မှတ်တမ်းများ၊ စာရွက်စာတမ်း အထောက်အထားများ၊ တောင်းဆိုသူနှင့် တောင်းဆိုခြင်းခံရသူတို့၏ တောင်းဆိုလွှာ၊ ချေပလွှာများ၊ နှစ်ဖက်ထွက်ဆိုချက်များအပေါ်အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်ရေးဆွဲပြီး စီရင်ဆုံးဖြတ် လိုက်သည်-

**ကောက်ချက်အမှတ်(၁)။** အလုပ်သမား ဦးနိုင်ဌေးမင်းပါ (၂)ဦးအား အလုပ်ရပ်စဲမှုနစ်နာကြေး ပေးသင့်/ မပေးသင့်။

**စစ်ဆေးတွေ့ရှိချက်**

၆။ ခုံအဖွဲ့သည် အလုပ်ရှင်၊ အလုပ်သမား နှစ်ဦးနှစ်ဖက်တို့ကို ၂၃-၂-၂၀၁၈ ရက်နေ့တွင် ခေါ်ယူတွေ့ဆုံခဲ့ပြီး ၎င်းတို့၏ထွက်ဆိုချက်များကို ရယူခဲ့ပြီးနောက် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့တို့တွင် ထွက်ဆိုခဲ့သော သက်သေခံချက်များကို တိုက်ဆိုင် စစ်ဆေး၍ အငြင်းပွားမှုကို ပြေငြိမ်းနိုင်ရေးအတွက် ဆောင်ရွက်ခဲ့ပါသည်။ ယခုအငြင်းပွားမှုဖြစ်စဉ် သည် အလုပ်ရှင်မှ အလုပ်သမား ဦးနိုင်ဌေးမင်း (ယာဉ်မောင်း)နှင့် ဦးစိုးညီနိုင် (ယာဉ်အကူ) တို့ အပေါ် မတရားအလုပ်ရပ်စဲခဲ့ခြင်းဟုတ်/မဟုတ်တို့ကို အဓိကထား၍စစ်ဆေးခဲ့ရာ ၎င်းယာဉ်မောင်း နှင့် ယာဉ်အကူတို့သည် တာဝန်ကျလမ်းကြောင်း နယ်အဝေးသို့ Denko Trading Co,.Ltd ပိုင် ဆီဆိုင်များသို့ လောင်စာဆီများကို ပေးပို့ရသည့်တာဝန်ကို ထမ်းဆောင်ရကြောင်း ပေါ်လွင်ပါ သည်။ ၎င်းတို့သည် မိမိပေးပို့ရမည့် ဝမ်းတွင်းမြို့ရှိ စက်သုံးဆီအရောင်းဆိုင်သို့ ရောက်ရှိသည့် ၁၄-၁၁-၂၀၁၇ ရက်နေ့တွင် ဆီဆိုင်လှောင်ကန်တွင် ဆီပြည့်နေ၍ စောင့်ဆိုင်းနေရသည့်အချိန်၌ ဆိုင်နံဘေးပတ်ဝန်းကျင်ရှိ ထမင်းဆိုင်တွင် အရက်သောက်ခဲ့ကြောင်းနှင့် အမူးလွန်၍ ဆိုင်ခုံတွင် အိပ်ပျော်နေခဲ့ကြောင်းကို ဝမ်းတွင်းမြို့ရှိ စက်သုံးဆီအရောင်းဆိုင်တာဝန်ခံ ဦးအောင်ဆန်းဦးမှ ထွက်ဆိုခဲ့သဖြင့် ထိုအချိန်သည် တာဝန်ချိန်ပြင်ပဟုတ်/မဟုတ် အငြင်းပွားဖွယ်ရာဖြစ်ခဲ့ပြီး ယခုကဲ့သို့ အလုပ်မှရပ်စဲသည့်အခါ ခံစားခွင့်များမရထိုက်ကြောင်း အလုပ်ရှင်မှ ချေပလျှောက်ထားထွက်ဆိုခဲ့ ပါသည်။

၇။ Denko Trading Co.,Ltd အနေဖြင့် နိုင်ငံအနှံ့အပြားတွင် လောင်စာဆီဆိုင်များ အများ အပြားဖွင့်လှစ်လျက်ရှိရာ ပုံရိပ်ကောင်းသော လုပ်ငန်းတစ်ခုအဖြစ် ဖော်ဆောင်လျက်ရှိနေသဖြင့် လုပ်ငန်းခွင်တွင် အရက်သေစာသောက်စားမှုကြောင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်မဖြစ်စေရန် ကို ရှေ့ရှုပြီး ယခုကဲ့သို့ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့ကို အလုပ်မှရပ်စဲခဲ့သည်မှာ မှားယွင်း သည်ဟု မဆိုနိုင်ပါ။ ဝမ်းတွင်းမြို့ရှိ စက်သုံးဆီအရောင်းဆိုင် တာဝန်ခံမှ အထက်အဆင့်ဆင့်သို့

တင်ပြအစီရင်ခံချက်အရ ကုမ္ပဏီ၏ လုပ်ထုံးလုပ်နည်းစည်းကမ်းများနှင့်အညီ အရေးယူဆောင်ရွက်ကြောင်း စစ်ဆေးတွေ့ရှိရပါသည်။

၈။ အလုပ်သမား ဦးနိုင်ဌေးမင်းနှင့် ဦးစိုးညီနိုင်တို့သည်လည်း ယခုဖြစ်ပွားခဲ့သော ဖြစ်စဉ်အရ နောင်တရရှိနေပြီး နောက်နောင် လုပ်ငန်းချိန်တွင် အရက်သေစာသောက်စားမှုကို ရှောင်ကြဉ်ပြီး ပြုပြင်သွားနိုင်ရန် ထွက်ဆိုခဲ့ကြသဖြင့် ယခုအငြင်းပွားမှုဖြစ်စဉ်သည် အလုပ်ရှင်မှ မတရားအလုပ်ရပ်စဲခဲ့မှုမရှိကြောင်းကို စစ်ဆေးတွေ့ရှိရသည့်အပြင် လူမှုရေးအရအထောက်အပံ့ပြုရန် ဆန္ဒရှိကြောင်းနှင့် ယခုကဲ့သို့ပြင်ဆင်ချိန်မရရှိဘဲ အလုပ်မှရပ်စဲခြင်းမရှိစေရန် နှုတ်ဖြင့်သတိပေးခြင်း၊ စာဖြင့်ထုတ်ပြန်၍ သတိပေးခြင်းများကိုလည်းကောင်း၊ အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူညီချက်စာချုပ် (EC) ချုပ်ဆိုထားမှုကို တိကျစွာမတင်ပြနိုင်ခြင်းတို့ကြောင့်လည်းကောင်း၊ လက်ရှိအလုပ်မှရပ်စဲခံထားရသော ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့သည် (၃) လခန့် အလုပ်လက်မဲ့ဘဝဖြင့် မိသားစုစားဝတ်နေရေးများ အခက်အခဲကြုံတွေ့နေရ၍ နောင်တရလျက်ရှိကြောင်းကို အထောက်အပံ့ပြုနိုင်ရန် အလုပ်ရှင်အနေဖြင့် လူမှုရေးထောက်ပံ့မှုပြုပေးရန်လိုအပ်ကြောင်း စစ်ဆေးတွေ့ရှိရပါ သည်။

## သုံးသပ်ချက်

၉။ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့သည် အလုပ်ရှင်၏ စည်းကမ်းနှင့်အညီ ထိန်းသိမ်းကြပ်မတ်ခြင်းကို ရှေ့ရှု၍ အခြားသောယာဉ်မောင်း၊ ယာဉ်နောက်လိုက်များမှ တာဝန်ချိန်ယာဉ်လမ်းကြောင်းအတွင်း အရက်သေစာသောက်စား၍ မူးယစ်မှုများ၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်မကြုံတွေ့စေရန် ဆောင်ရွက်ခြင်းကို ကန့်ကွက်ရန်မရှိသော်လည်း ယခုကဲ့သို့ ချက်ချင်းနို့တစ်ပေးရန်မလိုဘဲ အလုပ်မှရပ်စဲခဲ့သဖြင့် ယာဉ်မောင်းနှင့်ယာဉ်နောက်လိုက်တို့သည် ကျူးလွန်ခဲ့သောပြစ်မှုကို ပြန်လည်၍ ပြုပြင်ထိန်းသိမ်းရန်ကာလတစ်စုံတစ်ရာမပေးခဲ့သည်ဖြစ်၍ ယခုကဲ့သို့ မိသားစု၏ဘဝရပ်တည်ရန် အခက်အခဲကြုံကြိုက်နေသဖြင့် အလုပ်ရပ်စဲမှုလျော်ကြေးမဟုတ်မူဘဲ (အသွင်မဆောင်ဘဲ) လူမှုရေးအထောက်အပံ့အလို့ငှာ လူမှုရေးကိုအခြေခံသည့်ထောက်ပံ့ငွေတစ်ရပ်ကို ပေးသင့်ကြောင်းနှင့် နောက်နောင် အလုပ်ရပ်စဲရာ၌ အငြင်းပွားမှုများနှင့်ကြုံရသည့်အခါ အလုပ်ရှင်နှင့် အလုပ်သမားတို့ နှစ်ဦးနှစ်ဖက် သဘောတူချုပ်ဆိုထားသော (EC) စာချုပ်ကို အမြန်ဆုံးချုပ်ဆို၍ လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုကို ကျင့်သုံးသင့်ကြောင်း၊ သို့မှသာ စည်းကမ်းနှင့်အညီ ဥပဒေနှင့်လျော်ညီစွာ မှန်ကန်တိကျစွာ ဆောင်ရွက်နိုင်စေမည်ဖြစ်ကြောင်းနှင့် အလုပ်ရှင်၊ အလုပ်သမား နှစ်ဦးနှစ်ဖက်တို့မှ တာဝန်ချိန်ကာလတွင်အငြင်းပွားမှုမရှိဘဲ အောင်မြင်စွာဆောင်ရွက်နိုင်မည်ဖြစ်ကြောင်းနှင့် လူမှုရေးထောက်ပံ့ကြေးကို အလုပ်ရှင်မှ ဆန္ဒအရပေးလိုကြောင်း တင်ပြထွက်ဆိုခဲ့သည်ဖြစ်၍ သင့်တော်သည်ဟု သုံးသပ်ပါသည်။

၁၀။ သို့ဖြစ်၍ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်သည်မှားယွင်းသည်ဟု မဆိုနိုင်ဘဲ အလုပ်ရှင်အနေဖြင့် ယာဉ်မောင်း ဦးနိုင်ဒွေးမင်းနှင့် ဦးစိုးညီနိုင်တို့အား လူမှုရေးအထောက်အပံ့ဖြစ်စေမည့် အလုပ်ရပ်စဲမှုနှုန်းထားများကို ခံစားခွင့်ပြုထိုက်သည်ဟု မှတ်ယူသော်လည်း လူမှုရေးအထောက်အပံ့ဖြစ်စေရန် ထောက်ပံ့ကြေးအဖြစ်သာ ခံစားထိုက်ပါကြောင်း သုံးသပ်ပါသည်။

**ဆုံးဖြတ်ချက်အမှတ်(၁)။** ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏အငြင်းပွားမှုအမှတ် (၆/၂၀၁၈) အပေါ် ၃၀-၁-၂၀၁၈ ရက်နေ့တွင် ချမှတ်ခဲ့သော ဆုံးဖြတ်ချက်ကို ပယ်ဖျက်လိုက်ပြီး လူမှုရေးအရထောက်ပံ့ကြေးအဖြစ် ယာဉ်မောင်း ဦးနိုင်ဒွေးမင်းအား ၈၀၀,၀၀၀ိ/-(ကျပ်ရှစ်သိန်းတိတိ) နှင့် ယာဉ်အကူ ဦးစိုးညီနိုင်အား ၃၂၀,၀၀၀ိ/- (ကျပ်သုံးသိန်းနှစ်သောင်းတိတိ)ကို ခံစားခွင့်ပြုရန် ဆုံးဖြတ်လိုက်သည်။

၁၁။ အထက်ပါဆုံးဖြတ်ချက်အရပေးရန်တာဝန်ရှိသည့်ငွေများကို ရက်ပေါင်း ၃၀ အတွင်း ပေးရမည်။ အလုပ်ရှင်ဘက်မှ ပေးရန်ပျက်ကွက်ပါက ၂၀၁၂ ခုနှစ်၊ အလုပ်သမားရေးရာအငြင်းပွားမှု ဖြေရှင်းရေးနည်းဥပဒေ ၂၉ အရ အဆိုပါငွေကို မြေခွန်မပြေကျန်ငွေကဲ့သို့ အရကောက်ခံရမည်။

| | | |
|---|---|---|
| ဦးသန်းမောင် | ဦးသောင်းစိန် | ဦးရဲကျော်သူ |
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |